## ဓမ္မခန္ဓာ (၂၈) "ဆင့်ပြန်ချက်" (အလ် ကဆွာဆ်)

ဥဂ္ဂဏ်စဥ်ကိန်းပေးမှု အမှတ်စဥ်– ၄၉။ သုတ်ဒေသနာ– ၈၈ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللّٰهِ الرَّحْمٰـــنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။<br>☆<br>၇၇၆ | طسم ۞<br>တွာ၊ ဆင်၊ မင်–[၇၇၇] |
| ၂။ | تِلْكَ آيَاتُ الْكِتَابِ الْمُبِينِ ۞<br>ဤသည် ရှင်းလင်းသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။ |
| ၃။ | نَتْلُوا عَلَيْكَ مِن نَّبَإِ مُوسَى وَفِرْعَوْنَ بِالْحَقِّ لِقَوْمٍ يُؤْمِنُونَ ۞<br>ယုံကြည်သူ လူမျိုးအတွက်ငှာ ငါသည် သင့်ထံသို့ မူဆာနှင့် ဖာရိုးတို့၏ သတင်းချက်မှ အမှန်သစ္စာဖြင့် ရွတ်ဖတ်စေပြီ။ |
| ၄။ | إِنَّ فِرْعَوْنَ عَلَا فِي الْأَرْضِ وَجَعَلَ أَهْلَهَا شِيَعًا يَسْتَضْعِفُ طَائِفَةً مِّنْهُمْ يُذَبِّحُ أَبْنَاءهُمْ وَيَسْتَحْيِي نِسَاءهُمْ إِنَّهُ كَانَ مِنَ الْمُفْسِدِينَ ۞<br>ဖာရိုးသည် တိုင်းပြည်တွင်း အထွဋ်အထိပ်ဘွဲ့ကို ခံယူ၍၊ သူ့ပိုင်းသားများကို အုပ်စုဖွဲ့ရန် စီမံလျှက် သူတို့မှ အသင်း တစ်ခုအား သူတို့၏ သားယောကျ်ားများကို လှီးသတ်ကာ သမီးမိန်းမများကိုသာ အသက်ဆက် ခွင့်ပြု အားနည်းချိန့်စေ၏။ သူသည်ကား အဖျက်အနှောက်ကောင်တို့မှ ဖြစ်၏။ |
| ၅။ | وَنُرِيدُ أَن نَّمُنَّ عَلَى الَّذِينَ اسْتُضْعِفُوا فِي الْأَرْضِ وَنَجْعَلَهُمْ أَئِمَّةً وَنَجْعَلَهُمُ الْوَارِثِينَ ۞<br>ငါသည် မြေကမ္ဘာ၌ ချိန့်ရန်ပြုခံရသော သူတို့အား မျက်နှာသာပေးလို၏၊ သူတို့အား ခေါင်းဆောင်များအဖြစ် ခန့်အပ်ပေး၏၊ အမွေဆက်ခံသူများအဖြစ် ခန့်အပ်ပေး၏။ |
| ၆။ | وَنُمَكِّنَ لَهُمْ فِي الْأَرْضِ وَنُرِي فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا مِنْهُم مَّا كَانُوا يَحْذَرُونَ ۞<br>သူတို့အတွက် မြေကမ္ဘာ၌ ထူထောင်ပေး၏။ ဖာရိုးမင်း၊ ဟာမံနှင့် ၎င်းတို့၏ စစ်တပ်များအား– သူတို့ထံမှ ကြောက်စရာ ကောင်းဘွယ် ရှိနေသော အချက်ကို ပြသတော်မူ၏။ |
| ၇။ | وَأَوْحَيْنَا إِلَى أُمِّ مُوسَى أَنْ أَرْضِعِيهِ فَإِذَا خِفْتِ عَلَيْهِ فَأَلْقِيهِ فِي الْيَمِّ وَلَا تَخَافِي وَلَا تَحْزَنِي إِنَّا رَادُّوهُ إِلَيْكِ وَجَاعِلُوهُ مِنَ الْمُرْسَلِينَ ۞<br>မူဆာ၏ မိခင်အား ငါအရှင်က အာရုံဖြစ်စေသည်မှာ "သူ့အား နို့ချိုတိုက်ကြွေးလော့၊ သူ့အတွက် စိုးရိမ်ပူပန်ရသော် မြစ်ထဲသို့ ပစ်ချလော့၊ မပူဆွေးနှင့် သောကမဖြစ်နှင့် ငါသည် သူ့အား သင့်ထံသို့ ပြန်ရောက်စေတော်မူမည်။ သူ့အား ဥဂ္ဂဏ်စဥ်တော်ဆောင်များအနက်မှ ခန့်အပ်တော်မူမည်၊" ဟု ဖြစ်၏။ |
| ၈။ | فَالْتَقَطَهُ آلُ فِرْعَوْنَ لِيَكُونَ لَهُمْ عَدُوًّا وَحَزَنًا إِنَّ فِرْعَوْنَ وَهَامَانَ وَجُنُودَهُمَا كَانُوا خَاطِئِينَ ۞ |

(၇၇၇) "သိနတောင်မှ မူဆာအား ချမှတ်ပေးသော ကျမ်းတော်ကဲ့သို့" ၂၆း၁။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ဖာရိုး၏ ဝိုင်းသားများသည် သူတို့အတွက် အတိုက်အခံဖြစ်လာမည့်၊ ဝမ်းနည်းပူဆွေးစေမည့် သူ့အား ဆယ်ယူမွေးစား၏၊ ကေန်ပင် ဖာရိုး၊ ဟာမံနှင့် ၎င်းတို့၏ စစ်တပ်သည် အမြဲပင် အမှားကို လုပ်ဆောင်နေသူများ ဖြစ်၏။ |
| ၉။ | **وَقَالَتِ امْرَأَتُ فِرْعَوْنَ قُرَّتُ عَيْنٍ لِّي وَلَكَ لَا تَقْتُلُوهُ عَسَى أَن يَنفَعَنَا أَوْ نَتَّخِذَهُ وَلَدًا وَهُمْ لَا يَشْعُرُونَ۝**<br>ဖာရိုး၏ အမျိုးသမီးက "ကျွန်ုပ်နှင့် သင့်အတွက် မျက်လုံး ပသာဒ ဖြစ်၏၊ သူ့အား မသတ်ပါနှင့်၊ ကျွန်ုပ်တို့အတွက် အကျိုးရှိနိုင်၏၊ သို့မဟုတ် သူ့အား သားအဖြစ် ယူမှတ်နိုင်၏၊" ဟု ဆို၏။ သူတို့သည်ကား သတိမမူမိနိုင်ချေ။ |
| ၁၀။ | **وَأَصْبَحَ فُؤَادُ أُمِّ مُوسَى فَارِغًا إِن كَادَتْ لَتُبْدِي بِهِ لَوْلَا أَن رَّبَطْنَا عَلَى قَلْبِهَا لِتَكُونَ مِنَ الْمُؤْمِنِينَ۝**<br>မူဆာမိခင်၏ စိတ်သည် ဟာလာဟင်းလင်းဖြစ်၍၊ ပေါက်ကွဲ လုမတတ်ဖြစ်၏။ ငါသည် သူမအား ယုံကြည်သူများ အနက်မှ ဖြစ်စေရန် သူမ၏ နှလုံးသားကို အင်အားဖြည့်ပေးတော်မူ၏။ |
| ၁၁။<br>မူဆာ၏ | **وَقَالَتْ لِأُخْتِهِ قُصِّيهِ فَبَصُرَتْ بِهِ عَن جُنُبٍ وَهُمْ لَا يَشْعُرُونَ۝**<br>သူမက **သူ့**အစ်မအား "သူ့နောက်သို့ လိုက်ကြည့်လော့၊" ဟု ဆို၏။ သို့ဖြင့် သူမသည် ခပ်လှမ်းလှမ်းမှ ကြည့်နေ၏။ ၎င်းကို သူတို့ သတိမမူမိကြချေ။ |
| ၁၂။ | **وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِن قَبْلُ فَقَالَتْ هَلْ أَدُلُّكُمْ عَلَى أَهْلِ بَيْتٍ يَكْفُلُونَهُ لَكُمْ وَهُمْ لَهُ نَاصِحُونَ۝**<br>ငါသည် သည့်အရင်က သူ့အတွက် နို့တိုက်မိခင်ဟူ၍ တရားဝင်မရှိစေချေ၊ သို့ဖြင့် သူမက "သူ့အား ပြုစုယုယမည့် အိမ်မှ အိမ်သားများကို သူ့အတွက် သင်တို့အား ညွှန်ပြပေးရမည်လော၊ သူတို့သည် သူ့အား ဂရုစိုက်ကြလိမ့်မည်၊" ဟုဆို၏။ |
| ၁၃။ | **فَرَدَدْنَاهُ إِلَى أُمِّهِ كَيْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَلِتَعْلَمَ أَنَّ وَعْدَ اللَّهِ حَقٌّ وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۝**<br>သို့ဖြင့် ငါသည် သူမအား စိုးရိမ်သောကကင်း၍ မျက်လုံး ကြည်မြအေးစေအံ့ငှာ သူမထံ၌ သူ့ကို ပြန်အပ်ပေး၏။ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတရားဖြစ်ကြောင်းကို သိစေအံ့ငှာလည်း ဖြစ်၏။ သို့သော် သူတို့မှ အများစုသည် သိနိုင်စွမ်း မရှိကြချေ။ |
| ၁၄။ | **وَلَمَّا بَلَغَ أَشُدَّهُ وَاسْتَوَى آتَيْنَاهُ حُكْمًا وَعِلْمًا وَكَذَلِكَ نَجْزِي الْمُحْسِنِينَ۝**<br>သို့ဖြင့် သူသည် ပြတ်သား ပေါ်လွင်စွာ အရွယ်ရောက်သောအခါ၊ ငါသည် သူ့အား ဓမ္မသတ်နှင့် အသိပညာကို ချီးမြှင့်တော်မူ၏၊ ဤနည်းဖြင့် ကောင်းမွန်သူတို့အား အကျိုးဆုပေးတော်မူ၏။ |
| ၁၅။ | **وَدَخَلَ الْمَدِينَةَ عَلَى حِينِ غَفْلَةٍ مِّنْ أَهْلِهَا فَوَجَدَ فِيهَا رَجُلَيْنِ يَقْتَتِلَانِ هَذَا مِن شِيعَتِهِ وَهَذَا مِنْ عَدُوِّهِ فَاسْتَغَاثَهُ الَّذِي مِن شِيعَتِهِ عَلَى الَّذِي مِنْ عَدُوِّهِ فَوَكَزَهُ مُوسَى فَقَضَى عَلَيْهِ قَالَ هَذَا مِنْ عَمَلِ الشَّيْطَانِ إِنَّهُ عَدُوٌّ مُّضِلٌّ مُّبِينٌ۝**<br>သူ့ဝိုင်းသားများ မေ့လျော့နေစဉ်၌ သူသည် မြို့တွင်းသို့ ဝင်သွားခဲ့၍၊ ထို၌ လူနှစ်ဦး ရန်ဖြစ်သတ်ဖြတ်နေသည်ကို သူ တွေ့ရ၏၊ ဤမှာ သူ့အဖွဲ့သားမှ ဖြစ်၍၊ ထိုဘက်မှာ သူ့အတိုက်အခံဘက်မှ ဖြစ်၏။ သူ့အဖွဲ့မှဖြစ်သူက သူ့အား အတိုက်ခံဘက်အား ဆန့်ကျင်ရန် သူ့ထံ အကူအညီအော်တောင်း၏။ မူဆာသည် သူ့အား တွန်းပစ်ကာ အပြီးဆုံးဖြတ်ပေး လိုက်၍၊[၇၇၈] "ဤသည် မကောင်းဆိုးဝါးတို့၏ အကျင့်အကြံကြောင့် ဖြစ်၏၊ ကေန်ပင် ၎င်းသည် အတိုက်အခံဖြစ်၏၊ ရှင်းလင်းစွာ လွဲမှားသူဖြစ်၏။" |

(၇၇၈) ဤသုတ်တော်ပါ၊ စကားလုံး **فَقَضَى عَلَيْهِ ဖကာဿွာ အာလိုင်းဟိ**ကို ဆရာတော်ကြီးအများစုက သူ့အား သတ်ခဲ့သည်ဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုမှုမှာ သမ္မကျမ်းစာ ထွက်မြောက်ရာကျမ်း ၂း၁၂ အား ကိုးကားမှီငြမ်းရာမှာ ထွက်လာသော မှားယွင်း ပြန်ဆိုမှုပင် ဖြစ်သည်။ **قَضَى ကာဿွာဟ်**၏ အနက်မှာ သတ်ဖြတ်သည်ဟု လုံးဝ ပြန်ဆို၍ မရသည့်အပြင် သေသွားစေရန် အဆုံးသတ်စီရင်သည်ဟုလည်း မရချေ။ ကိစ္စရပ် တစ်ခုအား နောက်ဆုံးအတည်ပြု ဆုံးဖြတ်ချက်ပေးခြင်းသာ ဖြစ်ပေသည်၊ (၃၃း၃၆)။ ကျမ်းတော်၏ မည်သည့်နေရာတွင်မှ **قَضَى ကာဿွဟ်** ကို သတ်ပစ်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၆။ | **قَالَ رَبِّ إِنِّي ظَلَمْتُ نَفْسِي فَاغْفِرْ لِي فَغَفَرَ لَهُ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ۞**<br>သူက “အို ကံကြမ္မာရှင်၊ တပည့်တော်သည် မိမိ၏ စရိုက်ကို အမိုက်သင့်စေခဲ့ပြီ၊ တပည့်တော်အား လွတ်ငြိမ်းမှုပေးပါ၊” ဟု ဆုတောင်း၏၊ သို့ဖြင့် သူ့အား လွတ်ငြိမ်းစေခဲ့၏။ အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၇။ | **قَالَ رَبِّ بِمَا أَنْعَمْتَ عَلَيَّ فَلَنْ أَكُونَ ظَهِيرًا لِّلْمُجْرِمِينَ۞**<br>သူက “အို ကံကြမ္မာရှင် တပည့်တော်အား ဂုဏ်ပေးတော်မူပါ၊ တပည့်တော်သည် ရာဇဝတ်ကောင်တို့အား ကျောထောက်နောက်ခံ မပြုပါ၊” ဟု ဆုတောင်း၏။ |
| ၁၈။ | **فَأَصْبَحَ فِي الْمَدِينَةِ خَائِفًا يَتَرَقَّبُ فَإِذَا الَّذِي اسْتَنصَرَهُ بِالْأَمْسِ يَسْتَصْرِخُهُ قَالَ لَهُ مُوسَى إِنَّكَ لَغَوِيٌّ مُّبِينٌ۞**<br>ဟာလာဟင်းလင်းဖြစ်နေသော မြို့တွင်း၌ ကြောက်ရွံ့မှုနှင့် တပ်လှန့်ထားသလို ဖြစ်နေ၏။[၇၇၉] မနေ့က သူ့ထံမှ အကူအညီတောင်းသော သူသည် သူထံမှ အကူအညီတောင်းပြန်၏။ မူဆာက သူ့အား “သင်သည်ကား ထင်ထင်ရှားရှား မှားနေသူဖြစ်၏၊” ဟု ဆို၏။ |
| ၁၉။ | **فَلَمَّا أَنْ أَرَادَ أَن يَبْطِشَ بِالَّذِي هُوَ عَدُوٌّ لَّهُمَا قَالَ يَا مُوسَى أَتُرِيدُ أَن تَقْتُلَنِي كَمَا قَتَلْتَ نَفْسًا بِالْأَمْسِ إِن تُرِيدُ إِلَّا أَن تَكُونَ جَبَّارًا فِي الْأَرْضِ وَمَا تُرِيدُ أَن تَكُونَ مِنَ الْمُصْلِحِينَ۞**<br>သူသည် သူတို့နှစ်ယောက်၏ အတိုက်အခံအား စီးနင်းရန် ပြုသောအခါ၊ သူက “အို မူဆာ၊ အသင်သည် မနေ့က စိတ်ဉာဉ်တစ်ခုအား တိုက်ခိုက်ခဲ့ သကဲ့သို့ ကျွန်ုပ်အား တိုက်ခိုက်လိုသလော၊ သင်သည် တိုင်းပြည်၌ လူရမ်းကားသာ ဖြစ်လိုပုံရ၏၊ ပြုပြင်ပြောင်းလဲသူတို့၏ အထဲမှ ဖြစ်လိုပုံမရချေ၊” ဟု ဆို၏။ |
| ၂၀။ | **وَجَاء رَجُلٌ مِّنْ أَقْصَى الْمَدِينَةِ يَسْعَى قَالَ يَا مُوسَى إِنَّ الْمَلَأَ يَأْتَمِرُونَ بِكَ لِيَقْتُلُوكَ فَاخْرُجْ إِنِّي لَكَ مِنَ النَّاصِحِينَ۞**<br>ထိုအခါ မြို့နှင့် အဝေးမှ လူတစ်ယောက်က ပြေး၍ ရောက်လာလျှက် “အို မူဆာ၊ အကြံပေးတို့က သင့်အား တိုက်ခိုက်သတ်ဖြတ်ရန် စီမံချက်ချနေကြ၏။ သို့ဖြစ်၍ ထွက်ပြေးလော့၊ ကျွန်ုပ်သည်ကား သင့်အား အကြံကောင်းပေးသူမှ ဖြစ်၏။” ဟု ဆို၏။ |
| ၂၀။ | **فَخَرَجَ مِنْهَا خَائِفًا يَتَرَقَّبُ قَالَ رَبِّ نَجِّنِي مِنَ الْقَوْمِ الظَّالِمِينَ۞**<br>သူသည် ထိုမှ ထွက်ခွာလာလျှက်၊ စိုးရိမ်မှု သတိဝိရိယနှင့် နေ၍၊ “အို ကံကြမ္မာရှင် တပည့်တော်အား အမိုက်စီးနေသော လူမျိုးမှ ကယ်နုတ်တော်မူပါ၊” ဟု ဆုတောင်း၏။ |
| ၂၂။ | **وَلَمَّا تَوَجَّهَ تِلْقَاء مَدْيَنَ قَالَ عَسَى رَبِّي أَن يَهْدِيَنِي سَوَاء السَّبِيلِ۞**<br>ထို့နောက် မီဒီယံဘက်သို့ သူ့မျက်နှာကို ဦးတည်လျှက် “ကံကြမ္မာရှင်သည် ကျွန်ုပ်အား ပေါ်လွင်သော လမ်းစဉ်ကို ညွှန် |

---

သည်ဟု ပြန်ဆိုခြင်း မရှိချေ။ ထို့ကြောင့် သုတ်တော်က ဆိုလိုသည်မှာ ကိုယ်တော်မူဆာသည် ရန်ဖြစ်နေသူ နှစ်ဦးကို လူခွဲပစ် (တွန်းပစ်)၍ ရန်ပွဲရပ်စဲသွားရန် အပြီးသတ် ဆုံးဖြတ်ပေးလိုက်သည်ဟုသာ ဖြစ်ပေသည်။ ထိုသို့ မျှမျှတတ ဆုံးဖြတ်ပေးခြင်းသည်ပင် ဉပဒေ၏ အကာအကွယ် မဲ့နေသော ဂျူးလူမျိုးတစ်ဦးကို ကာကွယ်ပေးမိသလို ဖြစ်သွားခဲ့ရ၍ သူ့အား ဖာရိုးမင်းနှင့် အုပ်ချုပ်ရေး အဖွဲ့က အပြစ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ဤသုတ်တော်မှ “ဤသည် မကောင်းဆိုးဝါးတို့၏ အကျင့်အကြံဖြစ်၏၊ -----------၊” ဆိုသည်မှာ ကိုယ်တော်မူဆာ၏ လုပ်ဆောင်ချက်အား ပြောဆိုခြင်း မဟုတ်ပေ၊ ထိုသို့ တဖက်သတ် မတရားလုပ်ဆောင်နေသော ဖာရိုး၏လူအား ကိုယ်တော်မူဆာက ပြောသော စကားသာ ဖြစ်ပေသည်။ ထိုသို့ လွဲမှားနေသူများ၏ ဤကြား၌ ပါဝင်၍ အမှန်တရားအား လုပ်ခဲ့သည်ကိုပင် အပြစ်တစ်ခုဟု သတ်မှတ်ခံရခြင်း ဖြစ်၏။

(၇၇၉) **يَتَرَقَّبُ ယတရာ့က္ကဘ်** ဆိုသည်မှာ သတိဝိရိယဖြင့် စောင့်ကြည့်နေသည်ဟု ဖြစ်ပေသည်။ သို့သော် ဤအခြေအနေသည် လူမျိုးရေး အဓိကရုန်း ဖြစ်သွားသော အခြေအနေဖြစ်သောကြောင့် **“တပ်လှန့်ထားသကဲ့သို့”** ဆိတ်ငြိမ်စွာ စောင့်ကြည့်နေသည်ဟု ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ကောင်းနိုင်၏။" ဟု ဆို၏။ |
| ၂၃။<br>သိုးများကိုရေတိုက်သည် | **وَلَمَّا وَرَدَ مَاء مَدْيَنَ وَجَدَ عَلَيْهِ أُمَّةً مِّنَ النَّاسِ يَسْقُونَ وَوَجَدَ مِن دُونِهِمُ امْرَأتَيْنِ تَذُودَانِ قَالَ مَا خَطْبُكُمَا قَالَتَا لَا نَسْقِي حَتَّى يُصْدِرَ الرِّعَاء وَأَبُونَا شَيْخٌ كَبِيرٌ ۝**<br>မိဒ်ယံ ရေပိုင်နက်သို့ ဆိုက်မြိုက်သော် ထိုမှ လူတစ်စုသည် **ရေချ**နေသည်ကို သူတွေ့ရ၏။ ထိုသူများအပြင် အခြားဘက်၌ အမျိုးသမီးနှစ်ဦးကို တွေ့ရ၍၊ သူက "သင်မတို့ အဘယ်အကြောင်းရှိသနည်း" ဟု မေးသော်၊ သူမတို့က "သိုးထိန်းများသည် **ရေချ**ခြင်းမှ မထွက်ခွာသရွေ့ ကျွန်ုပ်တို့ **ရေမချ**နိုင်ပါ၊ ကျွန်ုပ်တို့၏ ဖခင်မှာလည်း အိုမင်း ကြီးရင့်လှပါပြီ၊" ဟု ဆို၏။ |
| ၂၄။ | **فَسَقَى لَهُمَا ثُمَّ تَوَلَّى إِلَى الظِّلِّ فَقَالَ رَبِّ إِنِّي لِمَا أَنزَلْتَ إِلَيَّ مِنْ خَيْرٍ فَقِيرٌ ۝**<br>သူသည် သူမတို့အတွက် ရေချပေးလိုက်၏။ တဖန် သူသည် အရိပ်ဘက်သို့ လှည့်ထွက်ခဲ့ပြီး "အို ကံကြမ္မာရှင်၊ တပည့်တော်သည် အရှင့် ချမှတ်ပေးသည် မည့်သည့် ကောင်းခြင်းကို မဆို လိုအပ်နေသူ ဖြစ်ပါသည်၊" ဟု ဆုတောင်း၏။ |
| ၂၅။ | **فَجَاءتْهُ إِحْدَاهُمَا تَمْشِي عَلَى اسْتِحْيَاء قَالَتْ إِنَّ أَبِي يَدْعُوكَ لِيَجْزِيَكَ أَجْرَ مَا سَقَيْتَ لَنَا فَلَمَّا جَاءهُ وَقَصَّ عَلَيْهِ الْقَصَصَ قَالَ لَا تَخَفْ نَجَوْتَ مِنَ الْقَوْمِ الظَّالِمِينَ ۝**<br>သူတို့မှ တစ်ဦးက မရဲတရဲဖြင့် လမ်းလျှောက် ရောက်လာ၍ "သင်သည် ကျွန်ုပ်တို့အတွက် ရေချပေးသော အကျိုးကို ကျွန်ုပ်တို့၏ ဖခင်က ဆုပေးရန် သင့်အား ဖိတ်ခေါ်ပါ၏၊" ပြော၏။ သူရောက်သွားသော် သူက သူ့သမိုင်းကြောင်းကို ၎င်းအား ဆင့်ပြန်၏။ ထိုအခါ ၎င်းက "အသင် မကြောက်ရွံ့လင့်၊ သင်သည် အဝိဇ္ဇာစီးနေသော လူမျိုးမှ လွတ်မြောက်လာလေပြီ၊" ဟု ဆို၏။ |
| ၂၆။ | **قَالَتْ إِحْدَاهُمَا يَا أَبَتِ اسْتَأْجِرْهُ إِنَّ خَيْرَ مَنِ اسْتَأْجَرْتَ الْقَوِيُّ الْأَمِينُ ۝**<br>သူတို့မှ တစ်ဦးက "အို အဖေ သူ့အား စာရင်းငှားခန့်ပါ၊ သူသည် အကောင်းဆုံး စာရင်းငှား ဖြစ်နိုင်၏၊ စာရိတ္တ ဗလနှင့် ပြည့်စုံ၏၊" ဟု ဆို၏။ |
| ၂၇။<br>အဖိုးအို | **قَالَ إِنِّي أُرِيدُ أَنْ أُنكِحَكَ إِحْدَى ابْنَتَيَّ هَاتَيْنِ عَلَى أَن تَأْجُرَنِي ثَمَانِيَ حِجَجٍ فَإِنْ أَتْمَمْتَ عَشْرًا فَمِنْ عِندِكَ وَمَا أُرِيدُ أَنْ أَشُقَّ عَلَيْكَ سَتَجِدُنِي إِن شَاء اللَّهُ مِنَ الصَّالِحِينَ ۝**<br>**သူ**က "သင်သည် ကျွန်ုပ်ထံ၌ ဒုလ္လဘ ရှစ်ကြိမ်မြောက်ထိ စာရင်းငှားလုပ်သော် ကျွန်ုပ်၏ ဤသမီးနှစ်ဦးမှ တစ်ဦးကို သင် သိမ်းဆည်းစေရန် ကျွန်ုပ် လိုလား၏။ ဆယ်ကြိမ်ထိ ဖြည့်ဆည်းလိုလျှင် သင့်သဘောသာ ဖြစ်၏၊ ကျွန်ုပ်သည် သင့်အား အတင်းအကြပ် မပြုလိုပါ၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သည့်အလျှောက် ကျွန်ုပ်အား ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်ကြောင်း သင်တွေ့ရလတ္တံ့၊" ဟု ဆို၏။[၇၈၀] |
| ၂၈။ | **قَالَ ذَلِكَ بَيْنِي وَبَيْنَكَ أَيَّمَا الْأَجَلَيْنِ قَضَيْتُ فَلَا عُدْوَانَ عَلَيَّ وَاللَّهُ عَلَى مَا نَقُولُ وَكِيلٌ ۝**<br>သူက "ဤသည် ကျွန်ုပ်၏ကြား သင်၏ကြားမှ (ကတိ) ဖြစ်၏၊ ဤကာလနှစ်ခုမှ ကျွန်ုပ် အတည်ဖြည့်ဆည်းပြီးသော် ကျွန်ုပ်အား ကတိမဖျက်ပါနှင့်၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့ ပြောစကားများအတွက် ကိုယ်စားလှယ်ဖြစ်ပါ၏၊" ဟု ဆို၏။ |

---

(၇၈၀) **ثَمَانِيَ حِجَجٍ ဆမာနီယ ဟိဂျာဂျင်** ဒုလ္လဘ ရှစ်ကြိမ်မြောက် ဆိုသည်မှာ တစ်နှစ်လျှင် ဟာဂျ် တစ်ကြိမ်နှုန်းဖြင့် ရှစ်နှစ်ဟု ဆရာတော်ကြီးများက ဘာသာ ပြန်ဆိုကြပေသည်။ အစ္စလာမ်သာသနာ ပေါ်ပေါက်လာမှသာလျှင် ဟာဂျ် ဆိုသည်မှာ ရှိလာခြင်း မဟုတ်ချေ၊ ရှေးယခင် သာသနာများတွင်လည်း ဒုလ္လဘ ရဟန်းခံခြင်း (ဝတ်ကြောင်စွန့်၍ သာသနာဘောင်သို့ဝင်ခြင်း) ဓလေ့မှာ ရှိနေပြီးသား ဖြစ်ကြောင်း ဤသုတ်တော်က အတိအကျ ပြဆိုပေသည်၊ အစ္စလာမ်သာသနာက အချို့သော စည်းကမ်းများကို ပြုပြင်လိုက်ခြင်းသာ ဖြစ်ပေသည်။ ၂း၁၅၈၊၁၈၉၊၁၉၆၊ ၁၉၈၊၂၀၀ တို့တွင်ကြည့်ပါ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၂၉။ | **فَلَمَّا قَضَى مُوسَىالْأَجَلَ وَسَارَ بِأَهْلِهِ آنَسَ مِن جَانِبِ الطُّورِ نَارًا قَالَ لِأَهْلِهِ امْكُثُوا إِنِّي آنَسْتُ نَارًا لَّعَلِّي آتِيكُم مِّنْهَا بِخَبَرٍ أَوْ جَذْوَةٍ مِنَ النَّارِ لَعَلَّكُمْ تَصْطَلُونَ ۞**<br>မူဆာသည် သတ်မှတ်ကာလအား ဖြည့်ဆီးပြီးသော အခါ၊ သူ့ဝိုင်းသားများနှင့် ခရီးထွက်ခဲ့၍၊ တောင်ရင်အုပ်၌ မီးကို မြင်တွေ့၏။ သူက သူ့ဝိုင်းသားတို့အား "ခဏနေကြလော့၊ ကျွန်ုပ်သည် မီးကို တွေ့ရ၏၊ သင်တို့အတွက် သတင်းတစ်ခု သို့မဟုတ် သင်တို့ အနွေးဓါတ်ရအံ့ငှာ တောက်နေသော မီးကျီးခဲ တစ်ခုကို ယူပေးနိုင်ရာ၏၊" ဟု ပြော၏။ |
| ၃၀။ | **فَلَمَّا أَتَاهَا نُودِي مِن شَاطِئِ الْوَادِي الْأَيْمَنِ فِي الْبُقْعَةِ الْمُبَارَكَةِ مِنَ الشَّجَرَةِ أَن يَا مُوسَى إِنِّي أَنَا اللَّهُ رَبُّ الْعَالَمِينَ ۞**<br>ထိုနေရာသို့ ရောက်သောအခါ၊ သူ့အား တောင်ကြား၏ ညာဘက် ချိုင်၏ ကြက်သရေရှိသော အကွက်မှ ပြောဆိုသည်မှာ "အို မူဆာ၊ ဤသည် စကြာဝဠာများ၏ ကံကြမ္မရှင်ဖြစ်သော ပရမတ်ဘုရားရှင် ငါ ဖြစ်တော်မူ၏ |
| ၃၁။ | **وَأَنْ أَلْقِ عَصَاكَ فَلَمَّا رَآهَا تَهْتَزُّ كَأَنَّهَا جَانٌّ وَلَّى مُدْبِرًا وَلَمْ يُعَقِّبْ يَا مُوسَى أَقْبِلْ وَلَا تَخَفْ إِنَّكَ مِنَ الْآمِنِينَ ۞**<br>သင်၏ လက်ထောက်အား ခင်းကျင်းလော့၊" ဟု ဖြစ်၏။ သူသည် ၎င်းကို မြွေတစ်ကောင်အဖြစ်☆ လှုပ်ရှားသည်ကို မြင်သောအခါ၊ သူ သည် နောက်ဆုတ် လှည့်ထွက်၍ ပြန်မလာတော့ချေ။ "အို မူဆာ ပြန်လှည့်လော့၊ မကြောက်ရွံ့လင့် သင်သည် ဘေးကင်းလုံခြုံသူတို့မှ ဖြစ်၏။– |
| ၃၂။ | **اسْلُكْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَاء مِنْ غَيْرِ سُوءٍ وَاضْمُمْ إِلَيْكَ جَنَاحَكَ مِنَ الرَّهْبِ فَذَانِكَ بُرْهَانَانِ مِن رَّبِّكَ إِلَى فِرْعَوْنَ وَمَلَئِهِ إِنَّهُمْ كَانُوا قَوْمًا فَاسِقِينَ ۞**<br>သင့်လက်အား သင့်ရင်ဘတ်၌ အပ်လော့၊ ၎င်းသည် အကုသိုလ်ကင်းသော အဖြူထည်သက်သက် ထွက်လာလတ္တံ့၊ သင့်လက်ရုံးကို ချုပ်တီးလျက် အန္တရာက်မှကာကွယ်လော့၊ ဤသည် သင့်ကံကြမ္မာရှင်က ဖာရိုးနှင့် သူ့အကြံပေးတို့ ထံသို့ ပို့သည့် အထောက်အထားများမှ နှစ်ခုဖြစ်၏၊ သူတို့သည်ကား ယုတ်မာကောက်ကျစ်သော လူမျိုးပင် ဖြစ်၏။– |
| ၃၃။ | **قَالَ رَبِّ إِنِّي قَتَلْتُ مِنْهُمْ نَفْسًا فَأَخَافُ أَن يَقْتُلُونِ ۞**<br>သူက လျှောက်ထားသည်မှာ "အို ကံကြမ္မာရှင် တပည့်တော်သည် သူတို့မှ ဉာဉ်တစ်ခုကို တိုက်ခိုက်ခဲ့၏၊ သူတို့၏ ပြန်လည်တိုက်ခိုက်ခြင်းကို ကြောက်မိပါ၏၊" |
| ၃၄။ | **وَأَخِي هَارُونُ هُوَ أَفْصَحُ مِنِّي لِسَانًا فَأَرْسِلْهُ مَعِيَ رِدْءًا يُصَدِّقُنِي إِنِّي أَخَافُ أَن يُكَذِّبُونِ ۞**<br>တပည့်တော်၏ အစ်ကို ဟာရွန်၊ သူသည် တပည့်တော်ထက် နှုတ်လျှာ သွက်လက်သူဖြစ်၏၊ ဖြောင့်မှန်စွာ ကူညီနိုင်သူ အဖြစ် သူ့အား တပည့်တော်နှင့်အတူ စေပို့ပေးပါ၊ သူတို့၏ ငြင်းဆန်ခြင်းကို တပည့်တော် စိုးရိမ်ပါ၏၊" ဟု ဖြစ်၏။[၇၈၁] |
| ၃၅။ | **قَالَ سَنَشُدُّ عَضُدَكَ بِأَخِيكَ وَنَجْعَلُ لَكُمَا سُلْطَانًا فَلَا يَصِلُونَ إِلَيْكُمَا بِآيَاتِنَا أَنتُمَا وَمَنِ اتَّبَعَكُمَا الْغَالِبُونَ ۞**<br>အရှင်က "သင့်အား သင်၏ အစ်ကိုဖြင့် စွမ်းအား အားဖြည့်ပေးလတ္တံ့၊ သင်တို့အား မထိခိုက်ရစေရန် ငါ၏ သုတ်ဒေသနာများဖြင့် သင်တို့အား အစွမ်းအာဏာကို စီမံပေးတော်မူမည်၊ သင်တို့နှင့် သင်တို့အား လိုက်နာသူတို့သည် အောင်နိုင်သူများ ဖြစ်လတ္တံ့၊" ဟု ဆို၏။ |

(၇၈၁) ကိုယ်တော်ဟာရွန်အား ကိုယ်တော်မူဆာနှင့်အတူ ထည့်ပေးခြင်းမှာ ကိုယ်တော်မူဆာ၏ လျှာတွင် မီးလောင်နာဖြင့် လျှာလိပ်ခေါက်နေ၍ မဟုတ်ချေ၊ ကိုယ်တော်မူဆာသည် တိုင်းတပါးတွင် နေခဲ့သည်မှာ နှစ်ကာလ ကြာညောင်းပေပြီ၊ ထို့ကြောင့် ဖာရိုးမင်း၏ နန်းတွင်းတွင် ပြောဆိုနေသော နန်းသုံးစကားများနှင့် ကင်းကွာနေခဲ့၍ ပြောဆို ဆက်ဆံရလွယ်ကူစေရန်သာ ဖြစ်ပေသည်။ ၂၇း၆—၁၀ ထိကြည့်ပါ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၃၆။ فَلَمَّا جَاءهُم مُّوسَى بِآيَاتِنَا بَيِّنَاتٍ قَالُوا مَا هَذَا إِلَّا سِحْرٌ مُّفْتَرًى وَمَا سَمِعْنَا بِهَذَا فِي آبَائِنَا الْأَوَّلِينَ۞

မူဆာသည် ငါ၏ ထင်ရှားသော နိမိတ်လက္ခဏာများဖြင့် သူတို့ထံသို့ ရောက်လာသောအခါ၊ သူတို့က "ဤသည် လုပ်ကြံ ဖန်တီးသော မှော်အတတ်သာ ဖြစ်၏၊ ရှေးဦးပထမ ကျွန်ုပ်တို့၏ ဘဘိုးလက်ထက်မှ ဤသို့ မကြားဘူးချေ၊" ဟု ဆိုကြ၏။

၃၇။ وَقَالَ مُوسَى رَبِّي أَعْلَمُ بِمَن جَاء بِالْهُدَى مِنْ عِندِهِ وَمَن تَكُونُ لَهُ عَاقِبَةُ الدَّارِ إِنَّهُ لَا يُفْلِحُ الظَّالِمُونَ۞

မူဆာက "အရှင်၏ထံမှ လမ်းညွှန်ချက်အား ပေးရောက်လာသူသည် အဘယ်သူဖြစ်ကြောင်း ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အသိဆုံးဖြစ်တော်မူ၏၊ ချုပ်ငြိမ်းမှုပန်းတိုင်သည် မည်သူ့အတွက် ဖြစ်ကြောင်းကိုလည်း သိတော်မူ၏၊ ကေန်ပင် အရှင်သည် အဝိဇ္ဇာစီးသူများအား အောင်မြင်ပေါက်မြောက်စေတော် မမူချေ၊" ဟု ဆို၏။

၃၈။ وَقَالَ فِرْعَوْنُ يَا أَيُّهَا الْمَلَأُ مَا عَلِمْتُ لَكُم مِّنْ إِلَهٍ غَيْرِي فَأَوْقِدْ لِي يَا هَامَانُ عَلَى الطِّينِ فَاجْعَل لِّي صَرْحًا لَّعَلِّي أَطَّلِعُ إِلَى إِلَهِ مُوسَى وَإِنِّي لَأَظُنُّهُ مِنَ الْكَاذِبِينَ۞

ဖာရိုးက "အို အကြံပေးတို့၊ ကျွန်ုပ်မှ အပ အခြားဘုရားဟူ၍ သင်တို့အတွက် ရှိသည်ကို ကျွန်ုပ် မသိခဲ့ချေ၊ သို့ဖြစ်၍ အို ဟာမံ မြေပေါ်၌ ကျွန်ုပ်အတွက် ဖိုထိုးလော့၊ မူဆာ၏ ဘုရားဆိုသည်ကို မှီနိုင်ရန် အလို့ငှာ ပိရမစ်ကို စီမံလော့၊ ကျွန်ုပ်သည်ကား သူ့အား လိမ်ညာသူဟု ထင်မြင်၏။" ဟု ဆို၏။[၇၂]

၃၉။ وَاسْتَكْبَرَ هُوَ وَجُنُودُهُ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَظَنُّوا أَنَّهُمْ إِلَيْنَا لَا يُرْجَعُونَ۞

သူနှင့် သူ့စစ်တပ်သည် သစ္စာ မဲ့စွာဖြင့် မြေကမ္ဘာ၌ မောက်မာပလွှားကြကုန်၏၊ သူတို့သည် ငါ့ထံသို့ ဦးမလှည့်ရတော့ ဟု ထင်မြင်ကြကုန်၏။

၄၀။ فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الظَّالِمِينَ۞

သို့ဖြင့် ငါသည် သူနှင့် သူ့စစ်တပ်အား သုတ်ငင်လျှက် ပင်လယ်ဝထဲသို့ တွန်းပို့လိုက်၏၊ အမိုက်ကောင်တို့သည် နိဂုံး မည်သို့ ဖြစ်ရသည်ကို ကြည့်ရှုကြလော့။

၄၁။ وَجَعَلْنَاهُمْ أَئِمَّةً يَدْعُونَ إِلَى النَّارِ وَيَوْمَ الْقِيَامَةِ لَا يُنصَرُونَ۞

ငါသည် သူတို့အား အပူမီးသို့ ဖိတ်ခေါ်စေသော ခေါင်းဆောင်များ အဖြစ် စီမံပေးတော်မူ၏။ ရပ်တည်မြဲမြံရသော နေ့ ကာလ၌ အကူအညီမရှိချေ။

၄၂။ وَأَتْبَعْنَاهُمْ فِي هَذِهِ الدُّنْيَا لَعْنَةً وَيَوْمَ الْقِيَامَةِ هُم مِّنَ الْمَقْبُوحِينَ۞

ဤလောကီ၌ မေတ္တာမဲ့ခံရခြင်းသည် သူတို့ နောက်သို့ လိုက်စေ၏။ ရပ်တည်မြဲမြံရသော နေ့ကာလ၌ သူတို့အား အကျည်းတန်တို့မှ ဖြစ်စေ၏။

၄၃။ وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ مِن بَعْدِ مَا أَهْلَكْنَا الْقُرُونَ الْأُولَى بَصَائِرَ لِلنَّاسِ وَهُدًى وَرَحْمَةً لَّعَلَّهُمْ

---

(၇၂) များစွာသော ဆရာတော်ကြီးများက မူဆာ၏ ဘုရားရှင်အား မျက်မြင်တွေ့ရန် အလို့ငှာ၊ သို့မဟုတ် မူဆာ၏ ဘုရားထက် ပို၍ မြင့်မားသော ဘုံသို့ ရောက်ရှိရန် အလို့ငှာ ဖာရိုးသည် သူ့၏ လက်ရုံးကြီး ဟာမံအား မြေကို အုတ်ဖုတ်ခိုင်းလျှက် ကောင်းကင်ဘနန်းမြင့်မားသော မျှော်စင် ရဲ တိုက်ကြီးကို တည်ဆောက်စေသည်ဟု ပြန်ဆိုကြပေသည်။ ဤသို့ပြန်ဆိုခြင်းမှာ ယုတ္တိမတန်ပေ၊ လုံးကောက်အဓိပ္ပါယ်အရလည်း ထိုသို့အနက်ကို မပေးပေ၊ ဤသုတ်တော်က ဆိုလိုသည်မှာ- မူဆာ၏ လူမျိုးဖြစ်သော ကျေးကျွန်ဖြစ်နေရသည့် ဂျူးလူမျိုးများကို ပိုမိုညှဉ်းပန်း နှိပ်စက်လျှက် အလုပ် ကြမ်းခိုင်းသော အားဖြင့် ပိရမစ်များ ဆောက်ခိုင်းခြင်းသာ ဖြစ်ပေသည်။ တနည်းအားဖြင့် သင်ပြောသော ဘုရား၊ ဂျူးလူမျိုးများ၏ ဘုရားက ကျွန်ုပ် (ဖာရိုး)ထက် တန်ခိုးမထွား ဂျူးများကို မခိုင်းစေနိုင်၊ ကျွန်ုပ်သည်သာ တိုင်းပြည်၌ ဘုရားဖြစ်၍ သူတို့အား ခိုင်းချင်သလို ခိုင်းစေနိုင်သည်၊ သတ်ချင် သလို သတ်ပစ်နိုင်သည်၊ လွတ်ငြိမ်းစေချင်သူကို လွတ်ငြိမ်းခွင့်ပေးနိုင်သည် စသည်ဖြင့် အာဏာပြခြင်းသာ ဖြစ်ပေသည်။ ထိုအချက်ကို အောက် ဖေါ်ပြပါ သုတ်တော် (၃၉)က ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ဤသုတ်တော်မှ ပြောသော ဖိုထိုးလော့ **ဖအောင်းကိ-ဒ်** ဆိုသည်မှာ "မီးမွှေး လော့" ဟုလည်း ဖြစ်ပေသည်၊ ထို့ကြောင့် "စစ်တိုက်ရန် ပြင်ဆင်လော့၊" "ပြဿနာရှာရန် ပြင်ဆင်လော့၊" ဟု လည်း ဖြစ်နိုင်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | يَتَذَكَّرُونَ۞<br>ရှေးမျိုးဆက်များကို တိမ်ကောစေပြီးသည့်နောက် ငါသည် မူဆာအား ကျမ်းတော်တစ်ပါးကို မုချ ချီးမြှင့်ခဲ့၏။ လူသားတို့ သတိတရား ရအံ့ငှာ သူတို့အတွက် လမ်းညွှန်တော် ကရုဏာတော်နှင့် မျက်မြင်ဖြစ်ရပ်မှန် ဖြစ်စေ၏။ |
| ၄၄။ | وَمَا كُنتَ بِجَانِبِ الْغَرْبِيِّ إِذْ قَضَيْنَا إِلَى مُوسَى الْأَمْرَ وَمَا كُنتَ مِنَ الشَّاهِدِينَ۞<br>ငါသည် မူဆာအား စီမံချက် အတည်ပြုပေးသောအခါ၊ သင်သည် နေဝင်ရာဘက်၌ ရှိမနေခဲ့ပေ၊ သင်သည် မျက်မြင် သက်သေလည်း မဟုတ်ချေ။ |
| ၄၅။ | وَلَكِنَّا أَنشَأْنَا قُرُونًا فَتَطَاوَلَ عَلَيْهِمُ الْعُمُرُ وَمَا كُنتَ ثَاوِيًا فِي أَهْلِ مَدْيَنَ تَتْلُو عَلَيْهِمْ آيَاتِنَا وَلَكِنَّا كُنَّا مُرْسِلِينَ۞<br>သို့ရာတွင် ငါသည် မျိုးဆက်ပေါင်းများစွာကို ပေါ်ပေါက်စေခဲ့၍၊ သူတို့၏ သက်တမ်းများကို ရှည်လျားစေခဲ့၏။ ငါသည် မီဒီယံ ဝိုင်းသားတို့အား ငါ၏ သုတ်ဒေသနာများကို ဖတ်ပြသော အခါတွင်လည်း သင်သည် သူတို့နှင့် အတူရှိနေသည် မဟုတ်ချေ၊ သို့သော် ငါသည် ဥာဏ်စဉ်တော်ဆောင်များ စေစားသော အရှင်ဖြစ်၏။[၇၈၃] |
| ၄၆။<br>☆<br>၃၂း၃<br>၃၄း၄၆ | وَمَا كُنتَ بِجَانِبِ الطُّورِ إِذْ نَادَيْنَا وَلَكِن رَّحْمَةً مِّن رَّبِّكَ لِتُنذِرَ قَوْمًا مَّا أَتَاهُم مِّن نَّذِيرٍ مِّن قَبْلِكَ لَعَلَّهُمْ يَتَذَكَّرُونَ۞<br>ငါအရှင် ဖိတ်ခေါ်သောအခါ သင်သည် သိနတောင်၏ ဘေးဘက်၌ မရှိခဲ့ချေ၊ သို့သော် သင့်အလျှင် သတိပေးသူ ရောက်မလာသေးသော လူမျိုးတို့အား သတိပေးရန် သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာနှင့် သတိပေးတရားတော် ဖြစ်၏။☆ |
| ၄၇။ | وَلَوْلَا أَن تُصِيبَهُم مُّصِيبَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ فَيَقُولُوا رَبَّنَا لَوْلَا أَرْسَلْتَ إِلَيْنَا رَسُولًا فَنَتَّبِعَ آيَاتِكَ وَنَكُونَ مِنَ الْمُؤْمِنِينَ۞<br>သူတို့၏ တင်ကြိုပို့ထားသော လက်ရာများကြောင့် သူတို့အား ဥပါဒ်ဒဏ် ဥပါဒ်ထိစေသောအခါ၊ အို ကံကြမ္မာရှင်–တပည့်တော်တို့ထံသို့ ဥာဏ်စဉ်တော်ဆောင်တစ်ပါး စေစားခဲ့ပါမူ တပည့်တော်တို့သည် အရှင်၏ သုတ္တန်များကို လိုက်နာလျှက် ယုံကြည်သူများမှ ဖြစ်ခဲ့ရပါမည် ဟု မပြောဆိုနိုင်ရန်ဖြစ်၏။ |
| ၄၈။ | فَلَمَّا جَاءَهُمُ الْحَقُّ مِنْ عِندِنَا قَالُوا لَوْلَا أُوتِيَ مِثْلَ مَا أُوتِيَ مُوسَى أَوَلَمْ يَكْفُرُوا بِمَا أُوتِيَ مُوسَى مِن قَبْلُ قَالُوا سِحْرَانِ تَظَاهَرَا وَقَالُوا إِنَّا بِكُلٍّ كَافِرُونَ۞<br>သူတို့ထံသို့ ငါ၏ထံတော်မှ သစ္စာတရားတော် ရောက်ရှိစေသောအခါ၊ "မူဆာအား ပေးအပ်ခဲ့ သကဲ့သို့ သူ့အား အဘယ်ကြောင့် မပေးအပ်ခဲ့လေသနည်း၊" ဟု ဆိုကြ၏။ သူတို့သည် ဤမတိုင်မီက မူဆာအားလည်း ဖုံးကွယ်ငြင်းဆန်ခဲ့ပြီ မဟုတ်လော။ |
| ၄၉။ | قُلْ فَأْتُوا بِكِتَابٍ مِّنْ عِندِ اللَّهِ هُوَ أَهْدَى مِنْهُمَا أَتَّبِعْهُ إِن كُنتُمْ صَادِقِينَ۞<br>"သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ကျွန်ုပ် လိုက်နာဘို့ရာ ဤနှစ်ခုထက် ပိုမို လမ်းညွှန်ပေးသော ကျမ်းတစ်ပါးကိုမျှ ပရမတ်ဘုရားရှင်၏ ထံတော်မှ ယူဆောင်ပေးလော့၊" ဟု ပြောလော့။[၇၈၄] |

(၇၈၃) သက်တမ်းများကို ရှည်လျားစေခဲ့သည်ဟု ဆိုခြင်းမှာ လူ့သားတို့၏ သက်တမ်းသည် နှစ်ပေါင်း တစ်သောင်းဖြစ်သည်၊ နှစ်သောင်းဖြစ်သည် သုံးသောင်းဖြစ်သည်ဟု ယုတ္တိမဲ့ ပြောဆိုခြင်း မဟုတ်ပေ၊ သူတို့၏ မျိုးဆက်သက်တမ်း၊ အယူဝါဒသက်တမ်းများကို ဆိုလိုခြင်း ဖြစ်သည်။ ဤသုတ်တော်တွင် "မျိုးဆက်ပေါင်းများစွာ–––သူတို့၏ သက်တမ်း" ဟူ၍ ရှင်းလင်းစွာ ပြောထားပြီး ဖြစ်ပေသည်။
(၇၈၄) ကျမ်းတော်က ဥာဏ်စဉ်တော်ဆောင်တို့ ရရှိသော ဓမ္မသည် လူသားတစ်ဦး၏ အတွေးအခေါ်ဖြင့် ရရှိလာသော ဒသန နိယာမ မဟုတ်ဟု မကြာခဏပြောပေသည်။ ဤနေရာတွင်လည်း ကိုယ်တော်မူဆာ ရရှိခဲ့သော လူသားတို့အတွက် လမ်းညွှန်၊ ကိုယ်တော်မုဟမ္မဒ်ရရှိခဲ့သော လူသား

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၅၀။ | فَإِن لَّمْ يَسْتَجِيبُوا لَكَ فَاعْلَمْ أَنَّمَا يَتَّبِعُونَ أَهْوَاءَهُمْ وَمَنْ أَضَلُّ مِمَّنِ اتَّبَعَ هَوَاهُ بِغَيْرِ هُدًى مِّنَ اللَّهِ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ۞<br>အကယ်၍ သင့်အား အလိုမတူခဲ့လျှင်၊ သူတို့သည် မိမိရမက်ဆန္ဒနောက်သို့ လိုက်နေသူများ ဖြစ်၏၊ ပရမတ်ဘုရားရှင်၏ လမ်းညွှန်ခြင်း မရှိဘဲ မိမိရမက်ဆန္ဒနောက်သို့ လိုက်နေသော လမ်းလွဲသူ မည်သူနည်း၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များကို လမ်းညွှန်ရစေခြင်း မရှိချေ။ |
| ၅၁။ | وَلَقَدْ وَصَّلْنَا لَهُمُ الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُونَ ۞<br>သူတို့ သတိတရား ရကောင်းအံ့ငှာ သူတို့အတွက် မုက္ခပါတ်တော်ကို မုချပင် ဆက်စပ်ဖော်ပြပေးခဲ့ပြီ။ |
| ၅၂။<br>ကုရ်အံ | الَّذِينَ آتَيْنَاهُمُ الْكِتَابَ مِن قَبْلِهِ هُم بِهِ يُؤْمِنُونَ ۞<br>ဤမတိုင်မီ ကျမ်းတော် ပေးအပ်ခြင်းခံရသော သူများ၊ သူတို့သည် ၎င်းအား ယုံကြည်ကြ၏။ |
| ၅၃။ | وَإِذَا يُتْلَى عَلَيْهِمْ قَالُوا آمَنَّا بِهِ إِنَّهُ الْحَقُّ مِن رَّبِّنَا إِنَّا كُنَّا مِن قَبْلِهِ مُسْلِمِينَ ۞<br>၎င်းကို သူတို့အား ရွတ်ဖတ်ပြသောအခါ၊ "ကျွန်ုပ်တို့သည် ၎င်းကို ယုံကြည်ပါ၏၊ ၎င်းသည် ကံကြမ္မာရှင်၏ ထံမှ ပရမတ္ထ သစ္စာ ကေန် ဖြစ်၏။ ကျွန်ုပ်တို့သည် ထို့အလျှင်ကပင် သစ္စိသုခဝါဒီများ ဖြစ်ခဲ့ကြပါပြီ" ဟု ဆိုကြလတ္တံ့။ |
| ၅၄။ | أُولَٰئِكَ يُؤْتَوْنَ أَجْرَهُم مَّرَّتَيْنِ بِمَا صَبَرُوا وَيَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ۞<br>သူတို့၏ ခန္တီပါရမီများကြောင့် သူတို့သည် အကျိုးကျေးဇူး နှစ်ကြိမ် ချီးမြှင့်ခြင်းခံရလတ္တံ့၊ သူတို့သည် အကုသိုလ်မှုကို ကောင်းမှုဖြင့် တုန့်ပြန်ကြ၏။ သူတို့အား ငါအရှင် ရိက္ခာထောက်ရာများမှ ပေးဝေလှူဒါန်းကြကုန်၏။ |
| ၅၅။ | وَإِذَا سَمِعُوا اللَّغْوَ أَعْرَضُوا عَنْهُ وَقَالُوا لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ سَلَامٌ عَلَيْكُمْ لَا نَبْتَغِي الْجَاهِلِينَ ۞<br>သူတို့သည် အချိန်ဖြုန်းစကားများကို ကြားရသောအခါ၊ ၎င်းကို ဆန့်ကျင်လျက် "ကျွန်ုပ်တို့အတွက် ကျွန်ုပ်၏ အကျင့်အကြံသည် ရှိ၏။ သင်တို့အတွက် သင်တို့၏ အကျင့်အကြံသည် ရှိ၏။ သင်တို့အပေါ်သို့ ငြိမ်းချမ်းသာယာပါစေ– ကျွန်ုပ်တို့သည် ပညာမဲ့သူများကို မဆည်းကပ်ချေ" ဟု ဆိုကြကုန်၏။ |
| ၅၆။ | إِنَّكَ لَا تَهْدِي مَنْ أَحْبَبْتَ وَلَٰكِنَّ اللَّهَ يَهْدِي مَن يَشَاءُ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ۞<br>သင် နှစ်သက်သော သူအား သင်သည် လမ်းမညွှန်နိုင်ချေ၊ သို့ရာတွင် ပရမတ်ဘုရားရှင်သည်သာ စံချိန်ပြည့်မီသူအား လမ်းညွှန်တော်မူ၏။ အရှင်သည် လမ်းညွှန်မှန်အားလိုက်သူကို သိနေတော်မူ၏။ [၇၈၅] |
| ၅၇။ | وَقَالُوا إِن نَّتَّبِعِ الْهُدَىٰ مَعَكَ نُتَخَطَّفْ مِنْ أَرْضِنَا أَوَلَمْ نُمَكِّن لَّهُمْ حَرَمًا آمِنًا يُجْبَىٰ إِلَيْهِ ثَمَرَاتُ كُلِّ شَيْءٍ رِّزْقًا مِّن لَّدُنَّا وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ۞<br>သူတို့က "သင်နှင့် အတူရှိသော လမ်းညွှန်တော်ကို လိုက်နာမိလျှင်၊ ကျွန်ုပ်တို့အား တိုင်းပြည်မှ ဝိုင်းပယ်ခြင်းခံရလတ္တံ့" ဟုပြောဆိုကြ၏။ ငါသည် သူတို့အတွက် သဗ္ဗလုံးစုံ သစ်သီးဝလံများ တင်သွင်းသော လုံခြုံရာ ဘေးမဲ့ဌာနကို ထားပေးသည် မဟုတ်လော၊ ငါ့ထံပါးမှ ရိက္ခာထောက်တော်မူ၏၊ သို့ရာတွင် သူတို့မှ အများစုသည် ယုံကြည်ကြသည် မဟုတ်ချေ။ |

---

တို့အတွက် လမ်းညွှန်များသည် သဗ္ဗညုဉာဏ်ဖြင့် ထိုးဖေါက်သိသော ဉာဏ်စဉ်ဓမ္မများ ဖြစ်ကြောင်း ထိုလမ်းညွှန်များကဲ့သို့ သင်တို့သည်လည်း သဗ္ဗညုဉာဏ်ကို ရလျှက် ကျမ်းစာတစ်အုပ်မျှ ပြနိုင်သလောဟု တောင်းဆိုခြင်း ဖြစ်ပေသည်။ သို့သော် ဤသုတ်တော်သည် လက်ရှိတိုရာဟ်ကျမ်းကို အပြည့်အဝ မှန်ကန်နေသေးသည်ဟု အတည်ပြုထားခြင်း မရှိချေ။ ၅း၄၄ နှင့် ၂း၁၀၆ တို့၏ အောက်ခြေများတွင် ကြည့်ပါ။

(၇၈၅) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်သည် သူ၏ လူသားတစ်ယောက်ဇီဇ အတွေးအခေါ် ဒသနအားဖြင့် လူသားတို့အား တရားဟော ညွှန်ပြခဲ့ခြင်း မဟုတ်ကြောင်း ပရမတ်ဘုရားရှင်၏ ချီးမြှင့်ပေးသော ဉာဏ်စဉ်တော် အားဖြင့်သာ လူသားများအား တရားဒေသနာ ဟောပြောကြောင်း တိတိကျကျပြောဆိုပေသည်၊ ကျွန်ုပ်တို့ အစ္စလာမ်သာသနာဝင်များ အနေဖြင့်လည်း အစ္စလာမ်သာသနာ အကြောင်းကို ပြောဆိုရာတွင် ကျမ်းမြတ်ကုရ်အံကိုသာ အဓိက အားထားပြောဆိုသင့်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၅၈။ | وَكَمْ أَهْلَكْنَا مِن قَرْيَةٍ بَطِرَتْ مَعِيشَتَهَا فَتِلْكَ مَسَاكِنُهُمْ لَمْ تُسْكَن مِّن بَعْدِهِمْ إِلَّا قَلِيلًا وَكُنَّا نَحْنُ الْوَارِثِينَ ۞<br>ငါအရှင်သည် အသက်မွေးဝမ်းကြောင်း၌သာ သာယာနေကြသော မြို့ရွာဒေသ မည်မျှကို တိမ်ကောစေခဲ့သနည်း၊ ဤသည် သူတို့ နေထိုင်ခဲ့ရာများ ဖြစ်၏၊ သူတို့၏နောက် အနည်းငယ်မှ အပ အချေပျက်သွား ရလေပြီ၊ ငါသည်သာ အမွေထိန်းဖြစ်တော်မူ၏။[၇၈၆] |
| ၅၉။ | وَمَا كَانَ رَبُّكَ مُهْلِكَ الْقُرَى حَتَّى يَبْعَثَ فِي أُمِّهَا رَسُولًا يَتْلُو عَلَيْهِمْ آيَاتِنَا وَمَا كُنَّا مُهْلِكِي الْقُرَى إِلَّا وَأَهْلُهَا ظَالِمُونَ ۞<br>သင်၏ ကံကြမ္မာရှင်သည် မြို့ရွာဒေသတစ်ခု၏ မိခင်မြို့ပြ၌ သူတို့အတွက် ငါအရှင်၏ နိမိလက္ခာတော်များကို ရွတ်ဖတ်ပြရန် ဥာဏ်စဉ်တော်ဆောင် တစ်ပါးကို မပွင့်ပေါ်စေဘဲ ၎င်းကို တိမ်ကောစေခြင်း မရှိချေ။ ငါသည် မည်သည့် မြို့ရွာဒေသကိုမှ –ထိုမှ ဝိုင်းသားများသည် အမိုက်မစီးကြဘဲ တိမ်ကောစေခြင်း မရှိချေ။ |
| ၆၀။ | وَمَا أُوتِيتُم مِّن شَيْءٍ فَمَتَاعُ الْحَيَاةِ الدُّنْيَا وَزِينَتُهَا وَمَا عِندَ اللَّهِ خَيْرٌ وَأَبْقَى أَفَلَا تَعْقِلُونَ ۞<br>သင်တို့အား ပေးအပ်သမျှသည် လောကီ သက်တမ်း၏ စည်းစိမ် တင့်တယ်စေဟန် အတွက်သာ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ ထံပါး၌ ရှိသည်မှာ ပိုမိုကောင်းမြတ်၍ ပိုမိုရေရှည်၏၊ အတွေးအခေါ် ရှိကြပါလေစ။ |
| ၆၁။ | أَفَمَن وَعَدْنَاهُ وَعْدًا حَسَنًا فَهُوَ لَاقِيهِ كَمَن مَّتَّعْنَاهُ مَتَاعَ الْحَيَاةِ الدُّنْيَا ثُمَّ هُوَ يَوْمَ الْقِيَامَةِ مِنَ الْمُحْضَرِينَ ۞<br>ကောင်းသော ကတိနှင့် ခင်းကျင်းခံရမည့် ငါအရှင်၏ ကတိတော်ထားခံရသူသည် လောကီသက်တမ်း၏ စည်းစိမ်ဖြင့် စည်းစိမ်ပေးခြင်းခံရ၍ တဖန် မြဲမြဲတည်တံ့ရမည့် နေ့ကာလ၌ ပြန်လှန်ခြင်းခံရသူ ပမာ ဖြစ်လေသလော။ |
| ၆၂။ | وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَائِيَ الَّذِينَ كُنتُمْ تَزْعُمُونَ ۞<br>ငါသည် သူတို့အား ခေါ်ငင်သော နေ့ကာလ၌ “ငါနှင့် ရောပြွမ်းကိုးကွယ်ခဲ့၍ သင်တို့က အမာခံရပ်တည်ခဲ့သော အရာများသည် အဘယ်မှာနည်း။”ဟု ဆိုလတ္တံ့။ |
| ၆၃။ | قَالَ الَّذِينَ حَقَّ عَلَيْهِمُ الْقَوْلُ رَبَّنَا هَؤُلَاء الَّذِينَ أَغْوَيْنَا أَغْوَيْنَاهُمْ كَمَا غَوَيْنَا تَبَرَّأْنَا إِلَيْكَ مَا كَانُوا إِيَّانَا يَعْبُدُونَ ۞<br>သူတို့အပေါ်သို့ မှန်ကန်စွာ စကားတည်ခြင်း ခံရသူများက “အို ကံကြမ္မာရှင်၊ ဤသူတို့သည် တပည့်တော်တို့အား ဖျားယောင်းခဲ့ပါပြီ၊ တပည့်တော်တို့သည်လည်း မိမိတို့အား ဖျားယောင်းခံရသကဲ့သို့ သူတို့အား ဖျားယောင်းခဲ့ပါပြီ၊ တပည့်တော်တို့သည် အရှင့်ထံ၌ တာဝန်ကင်းပါ၏၊ သူတို့သည် တပည့်တော်တို့အား ကိုးကွယ်ခဲ့ခြင်း မရှိပါ၊” ဟု ဆိုကြ၏၊ |
| ၆၄။ | وَقِيلَ ادْعُوا شُرَكَاءكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا لَهُمْ وَرَأَوُا الْعَذَابَ لَوْ أَنَّهُمْ كَانُوا يَهْتَدُونَ ۞<br>သင်တို့ ရောပြွမ်းကိုးကွယ်ရာများကို ခေါ်ကြလော့ ဟု ဆိုသော်၊ သူတို့သည် ၎င်းတို့ကို ခေါ်ကြ၏၊ သို့သော် သူတို့အား ပြန်မထူးတော့ပြီ၊ သူတို့သည် ဝဋ်ကြွေးကိုသာ မြင်ရ၏၊ သူတို့သည် လမ်းညွှန်မှန်၌ ရှိခဲ့ပါလေစ။ |
| ၆၅။ | وَيَوْمَ يُنَادِيهِمْ فَيَقُولُ مَاذَا أَجَبْتُمُ الْمُرْسَلِينَ ۞<br>သူတို့အား ခေါ်ငင်သော နေ့ကာလ၌ “ဥာဏ်စဉ်တော်ဆောင်တို့အား သင်တို့က မည်သို့ တုန့်ပြန်ခဲ့သနည်း၊” ဟုမေး၏။ |

---

(၇၈၆)ဤသုတ်တော်က မိမိ၏ အကျိုးစီးပွား အတ္တတစ်ခုတည်း၌သာ လုယက်စီးပွားရှာခြင်း၌ ဇောသန်နေလျှက် အနာဂါတ်မျိုးဆက်အား ဂရုမထားသူတို့အား ကြီးစွာသော သတိပေးထားသော နိယာမ ဖြစ်ပေသည်။ လူအုပ်စုတစ်စု၊ မျိုးနွယ်တစ်စု၊ တိုင်းပြည်တစ်ခုတွင် နေထိုင်ကြသော လူသားတို့သည် မိမိအတွက် စီးပွားဟူသော အရာတစ်ခုတည်းနောက်သို့ လိုက်လျှက် သစ္စာတရား၊ အမှန်တရားအား ရှာဖွေနိုင်သော နှလုံးသား ကျယ်ဝန်းမှု မရှိ၊ နောင်မျိုးဆက်အတွက် အတွေးအခေါ်ကောင်းများကို အမွေမပေးနိုင်ခဲ့လျှင် မျိုးဆက်တိမ်ကော ရမည်သာ ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၆၆။ | **فَعَمِيَتْ عَلَيْهِمُ الْأَنبَاء يَوْمَئِذٍ فَهُمْ لَا يَتَسَاءلُونَ** ۝<br>သူတို့အတွက် ကင်းလွတ်ခွင့်မှာ သတင်းပျောက်ခဲ့ရပြီ၊ ထိုနေ့ကာလ၌ သူတို့အား မေးမြန်းနေတော့မည် မဟုတ်ချေ။ |
| ၆၇။ | **فَأَمَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَعَسَى أَن يَكُونَ مِنَ الْمُفْلِحِينَ** ۝<br>ခဝါချ– ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ဆောင် သူသည် အောင်မြင်သူတို့အနက်မှ ဖြစ်ကောင်းရာ၏။ |
| ၆၈။ | **وَرَبُّكَ يَخْلُقُ مَا يَشَاء وَيَخْتَارُ مَا كَانَ لَهُمُ الْخِيَرَةُ سُبْحَانَ اللَّهِ وَتَعَالَى عَمَّا يُشْرِكُونَ** ۝<br>သင်၏ ကံကြမ္မာရှင်သည် စံချိန်ပြည့်မှီရာနှင့် ဖြစ်သင့်တော်မူရာကို ဖြစ်တည်စေ၏။ ဖြစ်သင့်သည်ဟု လုပ်ပိုင်ခွင့် သူတို့၌ မရှိချေ။ ပရမတ်ဘုရားရှင်သည် အတုမဲ့ဖြစ်တော်မူ၏၊ ရောပြွန်းကိုးကွယ်ကြသည်တို့ထက် မြင့်မြတ်တော်မူ၏။ |
| ၆၉။ | **وَرَبُّكَ يَعْلَمُ مَا تُكِنُّ صُدُورُهُمْ وَمَا يُعْلِنُونَ** ۝<br>သင့်ကံကြမ္မာရှင်သည် သူတို့၏ ရင်တွင်း၌ ဖုံးဖိထားရာနှင့် ဖွင့်ဟဝန်ခံရာများကို သိနေတော်မူ၏။ |
| ၇၀။ | **وَهُوَ اللَّهُ لَا إِلَهَ إِلَّا هُوَ لَهُ الْحَمْدُ فِي الْأُولَى وَالْآخِرَةِ وَلَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ** ۝<br>အရှင်သည် ပရမတ်ဘုရားရှင် ဖြစ်၏။ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ၊ အဦးအစမှ နောက်ဆုံးစွန်ထိ ရည်သန်စူးစိုက်မှုအပေါင်းသည် အရှင့်အတွက်သာ ဖြစ်၏။ အဆုံးအဖြတ်၏ အရှင်သခင်ဖြစ်၏၊ အရှင့်ထံသို့သည် ဦးလှည့်ရမည် သာတည်း။ |
| ၇၀။ | **قُلْ أَرَأَيْتُمْ إِن جَعَلَ اللَّهُ عَلَيْكُمُ اللَّيْلَ سَرْمَدًا إِلَى يَوْمِ الْقِيَامَةِ مَنْ إِلَهٌ غَيْرُ اللَّهِ يَأْتِيكُم بِضِيَاء أَفَلَا تَسْمَعُونَ** ۝<br>"အကယ်၍ ပရမတ်ဘုရားရှင်သည် ညဥ့်အား မြဲမြံတည်တံ့မည့် နေ့ကာလအထိ တဆက်တည်း စီမံခဲ့သော်၊ ပရမတ်ဘုရားရှင်မှအပ အခြားသော အဘယ်ဘုရားက သင်တို့အတွက် နေ့အလင်းရောင်ကို ပေးအပ်နိုင်မည်နည်း ဟု ဆင်ခြင်မိကြသလော၊ ကြားနားနိုင်မှု မရှိကြသလော၊" ဟု ဟောပြောလော့။ |
| ၇၂။ | **قُلْ أَرَأَيْتُمْ إِن جَعَلَ اللَّهُ عَلَيْكُمُ النَّهَارَ سَرْمَدًا إِلَى يَوْمِ الْقِيَامَةِ مَنْ إِلَهٌ غَيْرُ اللَّهِ يَأْتِيكُم بِلَيْلٍ تَسْكُنُونَ فِيهِ أَفَلَا تُبْصِرُونَ** ۝<br>ဟောဦးလော့ "အကယ်၍ ပရမတ်ဘုရားရှင်သည် နေ့ကို မြဲမြံတည်တံ့မည့် နေ့ကာလအထိ တဆက်တည်း စီမံခဲ့သော် ပရမတ်ဘုရားရှင်မှအပ အခြားသော အဘယ် ဘုရားက နားနေနိုင်သော ညကို သင်တို့အား ပေးအပ်နိုင်မည်နည်း ဟု ဆင်ခြင်မိကြသလော၊ ရှုမြင်နိုင်မှု မရှိကြသလော၊" |
| ၇၃။ | **وَمِن رَّحْمَتِهِ جَعَلَ لَكُمُ اللَّيْلَ وَالنَّهَارَ لِتَسْكُنُوا فِيهِ وَلِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ** ۝<br>အရှင်၏ ကရုဏာတော်များမှ နားနေနိုင်ရန်၊ အရှင်ထံမှ သိက္ခာများကို ရှာမှီးနိုင်ရန် သင်တို့အတွက် နေ့နှင့် ညကို စီမံပေးထား၏။ သင်တို့အဘို့ ကျေးဇူးသိတတ်ရန်လည်း ဖြစ်၏။ |
| ၇၄။ | **وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَائِيَ الَّذِينَ كُنتُمْ تَزْعُمُونَ** ۝<br>သူတို့အား အရှင် ဖိတ်ခေါ်သော နေ့၌ "ငါနှင့် ရောပြွန်းကိုးကွယ်ခဲ့သည့်  သင်တို့က အမာခံရပ်တည်ခဲ့သော အရာများသည် အဘယ်မှာနည်း၊" ဟု ဆိုလတ္တံ့။ |
| ၇၅။ | **وَنَزَعْنَا مِن كُلِّ أُمَّةٍ شَهِيدًا فَقُلْنَا هَاتُوا بُرْهَانَكُمْ فَعَلِمُوا أَنَّ الْحَقَّ لِلَّهِ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ** ۝<br>ငါသည် အသိုင်းအဝိုင်း ကိုယ်စီမှ သက်သေ တစ်ဦးစီကို ခေါ်ထုတ်၍ "သင်တို့၏ အထောက်အထားများကို ပေးအပ်လော့၊" ဟု ဆိုသော်၊ သစ္စာတရားသည် ပရမတ်ဘုရားရှင်၌ ရှိ၍၊ သူတို့၏ ဖန်တီးခဲ့ရာများသည် သူတို့မှ သွေဖယ်သွား |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | ကြောင်းကို သူတို့ သိရလတ္တံ့။ |
| ၇၆။ | إِنَّ قَارُونَ كَانَ مِن قَوْمِ مُوسَى فَبَغَى عَلَيْهِمْ وَآتَيْنَاهُ مِنَ الْكُنُوزِ مَا إِنَّ مَفَاتِحَهُ لَتَنُوءُ بِالْعُصْبَةِ أُولِي الْقُوَّةِ إِذْ قَالَ لَهُ قَوْمُهُ لَا تَفْرَحْ إِنَّ اللَّهَ لَا يُحِبُّ الْفَرِحِينَ۞<br>ကာရူးန်သည် မူဆာ၏ လူမျိုးမှဖြစ်၍၊ သူသည် သူတို့အပေါ်၌ ဗိုလ်ကျစိုးမိုး၏၊ ငါသည် သူ့အား ဥစ္စာရတနာများကို ပေးအပ်၍ သူ၏ သော့များသည် စွမ်းအား ပိုင်သူများကိုပင် အလေးစီးနိုင်၏။[၇၈၇] သူ့လူမျိုးက သူ့အား ပြောသည်မှာ “ဂုဏ်မောက်ရယ်မောမနေလင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဂုဏ်မောက်ရယ်မောသူများကို နှစ်သက်တော်မမူချေ။– |
| ၇၇။ | وَابْتَغِ فِيمَا آتَاكَ اللَّهُ الدَّارَ الْآخِرَةَ وَلَا تَنسَ نَصِيبَكَ مِنَ الدُّنْيَا وَأَحْسِن كَمَا أَحْسَنَ اللَّهُ إِلَيْكَ وَلَا تَبْغِ الْفَسَادَ فِي الْأَرْضِ إِنَّ اللَّهَ لَا يُحِبُّ الْمُفْسِدِينَ۞<br>သင့်အား ပရမတ်ဘုရားရှင် ချီးမြှင့်ထားရာတို့ဖြင့် နောင်ဘဝ ဗိမာန်ကို ရှာမှီးလော့၊ လောကီမှ ဝေစုကိုလည်း မမေ့ပျောက်စေလင့်၊ ပရမတ်ဘုရားရှင်က သင့်အား ကောင်းခြင်းပေးထားသကဲ့သို့ သင်သည် ကောင်းမှုပြုလော့၊ မြေပေါ်တွင် အဖျက်အနှောက်လုပ်ငန်းကို မရှာမှီးလင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် အဖျက်ကောင်များကို နှစ်သက်တော် မမူချေ” |
| ၇၈။ | قَالَ إِنَّمَا أُوتِيتُهُ عَلَى عِلْمٍ عِندِي أَوَلَمْ يَعْلَمْ أَنَّ اللَّهَ قَدْ أَهْلَكَ مِن قَبْلِهِ مِنَ الْقُرُونِ مَنْ هُوَ أَشَدُّ مِنْهُ قُوَّةً وَأَكْثَرُ جَمْعًا وَلَا يُسْأَلُ عَن ذُنُوبِهِمُ الْمُجْرِمُونَ۞<br>သူက “ကျွန်ုပ်သည် မိမိ၏ အသိပညာကြောင့်သာ ဤသည်ကို ချီးမြှင့်ခံရခြင်း ဖြစ်၏၊” ဟု ဆို၏။ သူ့မတိုင်မီ သူ့ထက်ဗလ စွမ်းအား ပိုမိုပြတ်သားသော၊ အုပ်စုအင်အား ပိုများသော မျိုးဆက်များကို ပရမတ်ဘုရားရှင်က တိမ်ကောစေလိုက်သည်ကို သူ မသိသလော၊ ရာဇဝတ်ကောင်များအား သူတို့၏ အပြစ်များအတွက် စစ်ဆေးရန်ပင် မလိုတော့ချေ။ |
| ၇၉။ | فَخَرَجَ عَلَى قَوْمِهِ فِي زِينَتِهِ قَالَ الَّذِينَ يُرِيدُونَ الْحَيَاةَ الدُّنيَا يَا لَيْتَ لَنَا مِثْلَ مَا أُوتِيَ قَارُونُ إِنَّهُ لَذُو حَظٍّ عَظِيمٍ۞<br>ရတနာတန်ဆာဆင်လျှက် သူ့လူမျိုးကြားသို့ သူထွက်လာခဲ့၏၊ လောကီသက်တမ်းအား လိုလားသောသူက “ကာရူးန်အား ချီးမြှင့်ခံရသကဲ့သို့ ကျွန်ုပ်သည် ဖြစ်ချင်လှပါဘိ၊ ကေန်ပင် သူသည် ကံကြီးကောင်းသောသူ ဖြစ်၏။” ဟု ဆို၏။ |
| ၈၀။ | وَقَالَ الَّذِينَ أُوتُوا الْعِلْمَ وَيْلَكُمْ ثَوَابُ اللَّهِ خَيْرٌ لِّمَنْ آمَنَ وَعَمِلَ صَالِحًا وَلَا يُلَقَّاهَا إِلَّا الصَّابِرُونَ۞<br>ပညာဉာဏ် ချီးမြှင့်ခြင်းခံရသော သူက “သင်တို့ ပျက်စီးရလေခြင်း၊ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်သူအတွက် ဖြစ်သည့် ပရမတ်ဘုရားရှင်၏ အကျိုးပေးသည် သာလွန်ကောင်းမြတ်၏။ ၎င်းကို သီးခံပါရမီကြီးသူတို့သည်သာ မြင်တွေ့နိုင်၏။” ဟု ဆို၏။ |
| ၈၁။ | فَخَسَفْنَا بِهِ وَبِدَارِهِ الْأَرْضَ فَمَا كَانَ لَهُ مِن فِئَةٍ يَنصُرُونَهُ مِن دُونِ اللَّهِ وَمَا كَانَ مِنَ الْمُنتَصِرِينَ۞<br>သို့ ငါအရှင်က မြေကမ္ဘာသည် သူနှင့် သူ့ဗိမာန်အား မြိုလိုက်စေ၏။ ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် သူ့အား ကူညီနိုင်သော တပ်ဟူ၍ မရှိပြီ၊ သူသည် မိမိကိုယ်မိမိ မကယ်နိုင်သူတို့မှ ဖြစ်ရ၏။[၇၈၈] |

---

(၇၈၇)**သူ၏သော့သည် စွမ်းအားပိုင်သူများကိုပင် အလေးစီးနိုင်၏၊** ဆိုသည်မှာ သူ့ဥစ္စာပစ္စည်းများဖြင့် လာဘ်လာဘ ထိုး၍ အာဏာပိုင်များကိုပင် အကျင့်စာရိတ္တများ ဖျက်ဆီးစေနိုင်၏ ဟု ဖြစ်ပေသည်။ သူသည် အာဏာပိုင်များကို ချည်းကပ်လျှက် နွမ်းပါးသူတို့အား ခေါင်းပုံဖြတ် အမြတ်ကြီးစားကြောင်းကိုသာ ဤသုတ်တော်က ဖေါ်ပြပေသည်။ သူ့အား သမ္မာကျမ်းစာ၌ **ကောရ** ဟု ခေါ်တွင်သည် တော်လည်ရာကျမ်း ၁၆။

(၇၈၈)ဤသုတ်တော်တွင် ပြောဆိုသော ကာရူးန်နှင့် သူ၏ဗိမာန်အား မြေမြိုလိုက်သည် ဆိုခြင်းကို ဒဏ္ဍာရီ ပုံပြင်လာ မြေမြိုခြင်းကဲ့သို့ မြင်ယောင်၍ မခံစားသင့်ပေ။ ဤနေရာ၌ မြေမြိုသည်ဟု သုံးသော **ခဆဖ خسف** ကို လကြတ် နေကြတ်သော နေရာများတွင်လည်း သုံးပေသည်၊ ၇၅း၈။ ထို့ကြောင့် ဤနေရာ၌ ဆိုလိုသည်မှာ သူနှင့် သူ၏လုပ်ပိုင်ခွင့် (ဗိမာန်– ၂၈၄ တွင်ကြည့်) သည် နေ့ခြင်း ညခြင်း ယုတ်လျော့သွားသည်ဟု ဖြစ်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၈၂။ وَأَصْبَحَ الَّذِينَ تَمَنَّوْا مَكَانَهُ بِالْأَمْسِ يَقُولُونَ وَيْكَأَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ مِنْ عِبَادِهِ وَيَقْدِرُ لَوْلَا أَن مَّنَّ اللَّهُ عَلَيْنَا لَخَسَفَ بِنَا وَيْكَأَنَّهُ لَا يُفْلِحُ الْكَافِرُونَ ۞

မနေ့က သူ၏ ဌာနန္တရကို အားကျမိသော သူတို့က နံနက်ပိုင်းတွင် "ပရမတ်ဘုရားရှင်သည် အရှင့်၏ အမှုတော်ဆောင်များမှ စံချိန်ပြည့်မှီသူကို မပြတ်မလတ် ရိက္ခာထောက်၏၊ စည်းကြပ်မတ်၏၊ အကယ်၍ ပရမတ် ဘုရားရှင်က ကျွန်ုပ်တို့အား မျက်နှာသာ မပေးခဲ့လျှင် ကျွန်ုပ်တို့သည်လည်း မြေမျိုခြင်း ခံရပေမည်၊ ဖုံးကွယ်သူတို့သည် အောင်မြင်ပေါက်မည် မဟုတ်ချေတကား၊" ဟု ဆိုကြ၏။

၈၃။ تِلْكَ الدَّارُ الْآخِرَةُ نَجْعَلُهَا لِلَّذِينَ لَا يُرِيدُونَ عُلُوًّا فِي الْأَرْضِ وَلَا فَسَادًا وَالْعَاقِبَةُ لِلْمُتَّقِينَ ۞

နောင်ဘဝ ဗိမာန်တော်ကိုမူ၊ မြေကမ္ဘာ၌ အနိုင်အထက် မပြုသောသူ၊ အဖျက်အနှောက်မပြုသူတို့ အတွက် ငါအရှင် စီမံထား၏၊ ချုပ်ငြိမ်းခြင်းတည်ရာသည် စည်းစောင့်သူတို့အတွက်ပင် ဖြစ်၏။

၈၄။ مَن جَاءَ بِالْحَسَنَةِ فَلَهُ خَيْرٌ مِّنْهَا وَمَن جَاءَ بِالسَّيِّئَةِ فَلَا يُجْزَى الَّذِينَ عَمِلُوا السَّيِّئَاتِ إِلَّا مَا كَانُوا يَعْمَلُونَ ۞

ကောင်းမှုဖြင့် ရောက်လာသောသူ၊ သူ့အတွက် ထို၌ ကောင်းမြတ်ခြင်းသည် ရှိ၏။ အကုသိုလ်ဖြင့် ရောက်လာသူသည် သူတို့ပြုကျင့်ခဲ့သမျှသော ရှိနေသည့် အကုသိုလ်အလျောက်သာ ဆုကြေးရမည် ဖြစ်၏။

၈၅။ إِنَّ الَّذِي فَرَضَ عَلَيْكَ الْقُرْآنَ لَرَادُّكَ إِلَى مَعَادٍ قُل رَّبِّي أَعْلَمُ مَن جَاءَ بِالْهُدَى وَمَنْ هُوَ فِي ضَلَالٍ مُّبِينٍ ۞

ကုရ်အံကျမ်းအား သင့်အပေါ်၌ တာဝန်သတ်မှတ်ပေးတော်မူသော အရှင်သည် ပြန်လည်ရာ ဇာတိဌာနေကို ပြန်ပို့တော်မူလတ္တံ့၊ "ကျွန်ုပ်၏ ကံကြမ္မာရှင်က မည်သူသည် လမ်းညွှန်ချက်ဖြင့် ရောက်လာသည်၊ မသည်သူသည် ရှင်းလင်းသော အပါယ်လမ်း၌ ရှိသည်ကို သိနေတော်မူ၏၊" ဟု ဟောကြားလော့။

၈၆။ وَمَا كُنتَ تَرْجُو أَن يُلْقَى إِلَيْكَ الْكِتَابُ إِلَّا رَحْمَةً مِّن رَّبِّكَ فَلَا تَكُونَنَّ ظَهِيرًا لِّلْكَافِرِينَ ۞

ဤမတိုင်မီက သင့်အား ကျမ်းတော်ကို ခင်းကျင်းပေးမည်ဟု သင် မျှော်လင့်ထားခြင်း မရှိခဲ့ချေ။ သို့သော် ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော်သာ ဖြစ်၏၊ ထို့ကြောင့် ဖုံးကွယ်သူများအား ကြောထောက်နောက်ခံ မပြုလေနှင့်။

၈၇။ وَلَا يَصُدُّنَّكَ عَنْ آيَاتِ اللَّهِ بَعْدَ إِذْ أُنزِلَتْ إِلَيْكَ وَادْعُ إِلَى رَبِّكَ وَلَا تَكُونَنَّ مِنَ الْمُشْرِكِينَ ۞

သင့်ထံသို့ ကိန်းဝပ်ချမှတ်ပေးပြီးနောက် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများမှ ဟန့်တားခြား မပြုလေနှင့်၊ သင့်ကံကြမ္မာရှင်၏ ထံသို့သာ ဖိတ်ခေါ်လော့၊ ရောပြွန်းကိုးကွယ်သူတို့မှ မဖြစ်ကြစေလင့်။

၈၈။ وَلَا تَدْعُ مَعَ اللَّهِ إِلَهًا آخَرَ لَا إِلَهَ إِلَّا هُوَ كُلُّ شَيْءٍ هَالِكٌ إِلَّا وَجْهَهُ لَهُ الْحُكْمُ وَإِلَيْهِ تُرْجَعُونَ ۞

ပရမတ်ဘုရားရှင်မှအပ အခြားဘုရားဟူ၍ ဆုမတောင်းကြစေလင့်၊ အရှင်မှ အပ အခြား ဘုရားဟူ၍ မရှိပြီ၊ အရှင်၏ ရှေ့ရှုမှုမှအပ ခပ်သိမ်းကုန်သည် တိမ်ကောပျက်စီးရမည် သာတည်း၊ အဆုံးအဖြတ်သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင့်ထံသို့သာ စုပေါင်းရမည် သာတည်း။[၇၈၉]

---

(၇၈၉) ဤသုတ်တော်အား ကိုးကားလျက် ကမ္ဘာ့နိဂုံး ဟု ခေါ်သော ကီယာမတ်နေ့ အကြောင်းကို ပြောဆိုရာတွင် ကမ္ဘာကြီး ပျက်သုန်းသော နေ့တွင် အလ္လာဟ်အရှင် မျက်နှာတော် တစ်ခုတည်းသာ ကျန်နေခဲ့မည်ဟု ဆိုသော ဆရာကြီးပေါင်း များစွာ ရှိပေသည်။ ထိုဆရာတော်ကြီးများက အလ္လာဟ်အရှင် ကိုယ်လက်မျက်နှာ ရှိသည်ဟု မှားယွင်းစွာ ယုံကြည်မှုကြောင့်သာ ဖြစ်ပေသည်။ ဤသုတ်တော်မှ ဆိုလိုချက်မှာ အလ္လာဟ်အရှင်၏ ရှေ့ရှုသော ကျမ်းတော် (ကုရ်အံ) အား လိုက်နာသူများမှအပ ကျန်သူအားလုံး မေးမှိန်ပျောက်ကွယ်သွားရမည်ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com